# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၃ ရက်မြောက်နေ့ အစီအစဉ်
# [ ၇ - ၁၀ - ၂၀၁၁ ]
# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မွန်ပြည်နယ်၊ သထုံမြို့နယ် အတွင်းရှိ ကျိုက္ကော်ကျေးရွာနှင့် သိမ်ဆိပ်ကျေးရွာတို့အား စုစည်းပြီး သင့်တော်သည့် အမည်ဖြင့် မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် မရှိပါက ကျိုက္ကော်မြို့၊ သိမ်ဆိပ်မြို့ဟူ၍ တရားဝင်သတ်မှတ် ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရန်ကုန်တိုင်းဒေသကြီး တွံတေး-ရေကျော်လမ်း ၇ မိုင် ၆ ဖာလုံနှင့် တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များထိ စုစုပေါင်း ၁၉ မိုင် ၆ ဖာလုံ လမ်းအား ပြည်သူ့ဆောက်လုပ်ရေးလမ်းအဖြစ် ဖော်ထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ထားဝယ်မြို့မှ ရေးမြို့ထိလည်းကောင်း၊ ထားဝယ်မြို့မှ မြိတ်မြို့ထိလည်းကောင်း အသုံးပြု နေသော မော်တော်ကားလမ်းမကြီးအား ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ နှင့် တနင်္သာရီတိုင်း နှင့် မွန်ပြည်နယ်အတွင်း ဂိတ်ကြေးကောက်ခံနေခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း နှင့် **ထားဝယ်မြို့ဘက်ကမ်းနှင့် လောင်းလုံမြို့ ဘက်ကမ်းကို ဆက်သွယ်ထားသော ထားဝယ်မြစ်ပေါ်မှ ကမျောကင်း တံတားကြီး၏ တံတားတိုင်ကြီးများသည် အရှေ့ဘက်ကမ်း ရေတိုက်စားလာ၍ အန္တရာယ်ရှိပါသဖြင့် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့တွင် မီတာ ၄၀၀ ပြေးလမ်းပါကွင်း ပြန်လည် ပြုပြင်ရန် နှင့် မိုးလုံလေလုံ အားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၁၉၆၄ ခုနှစ် ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်း သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ထိုင်းနိုင်ငံ ရေဘေး သင့်မှုအတွက် အမျိုးသားလွှတ်တော်အနေနှင့် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ရန် အကြံပြုတင်ပြချက်ကို အမျိုးသားလွှတ်တော်၏ သဘောထား ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။